မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက် နည်းပညာများကို အသုံးပြု

e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရန်

အစိုးရနှင့်ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာစီးဆင်းရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

ခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက် နည်းပညာကိုအသုံးပြုပြီး e-Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသတ်မှတ်နိုင်ရန်၊ အခက်အခဲကျော်လွှားနိုင်မည့် နည်းလမ်းများကို အဖြေရှာနိုင်ရန် ယနေ့၌နေရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံကြခြင်းဖြစ်ကြောင်း Good Governance ဖြစ်ရန် လုပ်ငန်းတာဝန်အဆင့်တိုင်းတွင် တာဝန်ရှိကြသူ အသီးသီးအနေဖြင့် ပြည်သူများအပေါ် ဥပဒေနှင့်အညီ စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်သွားခြင်းသည် အဓိကကျကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့်လည်း e-Government စနစ် အရှိန်အဟုန်မြှင့်တင်ရေးကို အပြန်အလှန်အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာ၌ Online System ကို အသုံးပြုသည့် e-Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားခြင်းဖြင့် အဓိကအထောက်အကူဖြစ်စေမည်အမှန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ပြန်လည်ဆန်းစစ်

ထို့အပြင် အစိုးရဝန်ကြီးဌာန အချင်းချင်းအကြား၊ အစိုးရဌာနများနှင့် သက်ဆိုင်ရာကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများအကြား သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်အသုံးပြုနိုင်သည့် Electronic Document Management System (EDMS) ကဲ့သို့ e-Government Applications များသည် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတွင် လက်ရှိအသုံးပြုနေကြပြီဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပို့ကုန်သွင်းကုန်လိုင်စင်ကို Online မှ လျှောက်ထားနိုင်သည့် Applications အပါအဝင် အခြားဝန်ကြီးဌာနများ၏ e-D Form၊

စာမျက်နှာ ၄ ကော်လံ ၁ ❖

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်စဉ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် ဇွန် ၁၄

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာ ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ လျှပ်စစ် စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ရှိပြီး စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးပါဝင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ ယင်းလျှပ်စစ်စီမံကိန်းမှ စက်အမှတ်(၄)ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင်လည်းကောင်း၊ စက်အမှတ်(၃)ကို ၂၀၁၁ ခုနှစ် မတ် ၂၀ ရက်တွင်လည်းကောင်း၊ စက်အမှတ်(၂)ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း တပ်ဆင်ပြီးစီး၍ စက်သုံးလုံးမှ လျှပ်စစ်ဓာတ်အား ၅၆ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်ပေးနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၄ ◆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၁၅ ရက်)

သီပွံနည်းကျစိုက်ပျိုးနည်းစနစ်များ စဉ်ဆက်မပြတ် သုတေသနပြု သီးနှံအထွက်ကောင်းရေး ကြိုးပမ်းအားထုတ်

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးတိုးတက်မှုကို ကြိုးပမ်းဖော်ဆောင်ရာ၌ ကျေးလက်အခြေခံ လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နေကြသူ အများစုသည် တောင်သူလယ်သမားများဖြစ်ကြပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

ယနေ့ခေတ်သည် ဇီဝနည်းပညာနှင့် နာနိုနည်းပညာများအသုံးပြုပြီး ကမ္ဘာ့လူသားတို့၏ စားနပ်ရိက္ခာ ဖူလုံမှုအတွက် နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည့်ကာလဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအနေဖြင့် ခေတ်နောက်ကျကျန်မနေဘဲ နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရန်နှင့် ပြည်သူများ၏စားနပ်ရိက္ခာဖူလုံပိုလျှံမှုရှိရန်အတွက် အထူးအထွက်တိုးမျိုးစေ့များကို သုတေသနပြုစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များကို တောင်သူများ၏ လက်ဝယ်ရောက်ရှိရန် ဆောင်ရွက်ပြီး စိုက်ပျိုးသည့်အဆင့်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများက စံပြစိုက်ပျိုးရေးပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြီး နည်းပညာများကို လက်တွေ့ပြသဖြန့်ဝေလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ အရည်အသွေးကောင်းမွန်ရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအသုံးပြုရန်၊ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာများကို အချိန်ကိုက် အချိုးကျ အသုံးပြုသွားကြရန် လိုအပ်သည်။

သီးနှံများအထွက်ကောင်းရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များ တိုးတက်ရန် စဉ်ဆက်မပြတ် သုတေသနပြုကြရမည်ဖြစ်သည်။ အဆိုပါ သုတေသနပြုချက်များကို စိုက်ကွင်းများသို့ရောက်ရှိသည်အထိ စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများက တောင်သူများအား လက်တွေ့ပြသပြီး တောင်သူများကလည်းပူးပေါင်းပါဝင်ဆောင်ရွက်ပါက သီးနှံများအထွက်ကောင်းပြီး စားနပ်ရိက္ခာများ ပိုမိုဖူလုံ ပိုလျှံလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E.Mr.Sebastianus Sumarsono နှင့် ဒုတိယအတွင်းဝန် Mr. Gopokson Tarulitua Situmorang တို့အား ဇွန် ၂ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်တို့သည် အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ အင်ဒိုနီးရှားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်မည့်ကိစ္စ၊ မြန်မာ-အင်ဒိုနီးရှား စီးပွားကုန်သွယ်ရေးလုပ်ငန်းများ၊ ဆက်သွယ်ဆောင်ရွက်မှု အလားအလာများ ဆွေးနွေးပွဲကို ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်တွင် အသင်းချုပ်ရုံး၌လည်းကောင်းကျင်းပရန်ကိစ္စ၊ နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအကြား လယ်ယာထွက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ စက်ကိရိယာပစ္စည်း၊ သစ်တော၊ အစားအသောက်ပစ္စည်း၊ ဆီအုန်း၊ ရော်ဘာ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ ချည်ထည်နှင့် အဝတ်အထည်ပစ္စည်း၊ သတ္တုနှင့် သတ္တုထွက်ပစ္စည်းလုပ်ငန်းများကို အကျိုးတူလုပ်ကိုင်နိုင်ရေးအတွက် ဆွေးနွေးရန်ကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သန်လျင်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

သန်လျင်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက သန်လျင်ဆေးရုံ ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာတင်မိမိခိုင်၊ တိုင်းဒေသကြီး အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးစည်သူဝင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်မိမိအောင်တို့က လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ကျန်းမာရေးစစ်ဆေးပေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးများ ဖြစ်ကြသော ဒေါက်တာဝေမာမာထွန်း၊ ဒေါက်တာယဉ်သန္တာလွင်နှင့် အထူးကုဆရာဝန်ကြီးများသည် တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ဥမ္မာနေထွန်းနှင့်အတူ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါး၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၀၄၉)

မူဆယ်ခရိုင်ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

မူဆယ် ဇွန် ၁၄

မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌများက ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်ကြသည်။

ခရိုင်နှင့်မြို့နယ်များမှ ဝန်ထမ်းသားသမီး ၁၂၇ ဦးအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၃၉၅၀၀ဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

သီပေါမြို့နယ် စမ်းမာလာဥယျာဉ်ဝင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်း မြဝတီ၌သရုပ်ပြ

မြဝတီ ဇွန် ၁၄

စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက် ရှင်းလင်းခြင်းနှင့် ပေါင်ပျိုးထောင်စနစ် လက်တွေ့ပြသပွဲကို မေ ၃၀ ရက်က မြဝတီခရိုင် မြဝတီမြို့နယ် ဖေ့ရှမ်းကျေးရွာအုပ်စုတွင်ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြဝတီခရိုင်မန်နေဂျာ ဦးရဲခင်အောင်က စိုက်နည်းစနစ် (၁၄)ချက်ကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်မန်နေဂျာ ဦးစောလှကြည်နှင့် ဝန်ထမ်းများက ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့ပြသကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံ စစ်ဆေး

စက်ပစ္စည်းများ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းရန်မှာကြား

ရန်ကုန် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်းရှိ လှိုင်းလတ် (Medium Wave) နှင့် လှိုင်းတို (Short Wave) စက်များဖြင့် ရေဒီယိုအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွင်း ထပ်မံတပ်ဆင်မည့် စက်ပစ္စည်းများ စနစ်တကျ နေရာချထားတပ်ဆင်အသံလွှင့်နိုင်ရန်အတွက် Master Plan ရေးဆွဲထားရှိရန်၊ ခြောက်လတစ်ကြိမ် စက်ပစ္စည်းများ ပုံမှန်စစ်ဆေးပြုပြင် ကြံ့ခိုင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး အသေးစိတ်စစ်ဆေးပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန်၊ စက်ရုံလုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်လက်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ စက်ရုံဝင်းအုတ်တံတိုင်းနှင့် သွပ်ဆူးကြိုးများကိုစစ်ဆေးပြီး လိုအပ်ချက်များကို ပြုပြင်ရန်နှင့် စက်ရုံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေထုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၈နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘီလိယက်နှင့်စနူကာခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများက ဘီလိယက်ပြိုင်ပွဲနှင့် စနူကာပြိုင်ပွဲများကို သရုပ်ပြယှဉ်ပြိုင်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမသို့ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများ၊ အမှတ်ပေးစည်းမျဉ်းနှင့်ချီးမြှင့်မည့် ဆုတံဆိပ်အရေအတွက်များနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစား အသစ်ဖြစ်သော အာဆီယံစစ်တုရင်နှင့် စပ်လျဉ်းသည့် ကစားနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဏာမမြန်မာ့လက်ရွေးစင် စစ်တုရင် အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(အဖိတ်နေ့)
၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၅၀ ၅။ ဓမ္မပူဇာတေး
- ၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၂၀ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၁၀ ၈။ " DOTS "
- ၅:၂၀ ၉။ အတီးပြိုင်ပွဲ
- ၅:၃၅ ၁၀။ **မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး**
- ၅:၄၅ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
- ၆:၄၀ ၁၅။ ရွှေရင်ခုန်သံ
- ၇:၁၀ ၁၆။ **အောင်ပွဲမှသည်အောင်ပွဲဆီသို့**
- ၇:၄၀ ၁၇။ အလင်္ကာကျော်စွာရွှေပြည်အေးနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၇)
- ၂၃။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ကစီစဉ်တင်ဆက်သော ၂၀၀၉ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ **အရွယ်သုံးပါးမိန်းမသား အလှဝေဖြာ မေမြန်မာ**
- ၂၄။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနက်စကိုမှ ဧည့်သည်များ လာရောက်တွေ့ဆုံ

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနက်စကိုရုံး (ဗန်ကောက်)မှ ဒုတိယညွှန်ကြားရေးမှူး Mr.Etienne Clement နှင့် ယူနက်စကို(မြန်မာ)မှ အစီအစဉ်အရာရှိ Mr.Sardar Umar Alam တို့ လာရောက်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးအား ယူနက်စကိုရုံး(ဗန်ကောက်)မှ ဒုတိယ ညွှန်ကြားရေးမှူး Mr.Etienne Clement နှင့် ယူနက်စကို(မြန်မာ)မှ အစီအစဉ်အရာရှိ Mr.Sardar Umar Alam တို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ယူနက်စကိုဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့်ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့်အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

Custom လုပ်ငန်း၏ National Single Windows စနစ် စသော လုပ်ငန်းစဉ်များလည်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အစိုးရဌာနများ၏ e-Government လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ e-Government လုပ်ငန်းတာဝန်ခံများနှင့် ပြည်တွင်းပြည်ပ e-Government လုပ်ငန်းအတွေ့အကြုံရှိသည့် ပညာရှင်များတွေ့ဆုံပြီး မိမိတို့ ဆောင်ရွက်ပြီးစီးသည့် e-Government စီမံကိန်းလုပ်ငန်းများ၏ အနေအထားနှင့်အကျိုးသက်ရောက်မှုများကို ပြန်လည်ဆန်းစစ်နိုင်ရန်နှင့် ရှေ့ဆက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် ဆွေးနွေးကြမည် ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

တက်ရောက်လာကြသူများအနေဖြင့် e -Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် စီမံခန့်ခွဲမှုနှင့် နည်းပညာအခက်အခဲ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာငွေကြေး ကန့်သတ်ချက်စသည့် အခက်အခဲ (Challenges) များအား ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် အဖြေများကို ရှာဖွေဖော်ထုတ်တင်ပြကြရန် တိုက်တွန်းလိုကြောင်း၊ ကုလသမဂ္ဂက ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ e-Government ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြထားသော e-Government ဖွံ့ဖြိုးတိုးတက် အောင်မြင်နေသည့် နိုင်ငံများကို လေ့လာကြည့်လျှင် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များကို မျှဝေကြပြီး အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှုကို တည်ဆောက်နိုင်ခဲ့ခြင်းက အဓိကအားသာချက်အဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရန် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာစီးဆင်းရေး ဆောင်ရွက်ကြရာတွင် ယနေ့ နေရာအနှံ့ ကြုံတွေ့နေရသည့် Cyber Security ဟုခေါ်သော သတင်းအချက်အလက် လုံခြုံရေးခြိမ်းခြောက်မှုများကိုလည်း သတိထားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အီလက်ထရွန်နစ် အစိုးရအဖွဲ့လုပ်ငန်းစဉ်များကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနအသီးသီးမှ CIO များ၊ ပြည်တွင်း ပြည်ပမှ NGO အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က e- Government လုပ်ငန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်အောင် ဆောင်ရွက်ရာ၌ သင့်တော်ခေတ်မီသည့်လုပ်ငန်းဖြစ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းလျင်မြန်သွက်လက်မှုသည် နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ စီးပွားရေးသည် နိုင်ငံရေးနှင့်ဆက်စပ်နေသကဲ့သို့ e-Government သည် Good Governance နှင့် Clean Government ကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ e-Government စနစ် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန် မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ပဏာမဆွေးနွေးပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြသထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိ e-Government အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးနှင့် Inforithm Maze မှ Managing Director ဦးသောင်းစုငြိမ်းတို့က e-Government လုပ်ငန်းများနှင့် စပ်လျဉ်း၍ Planning Template ကို ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

မွန်းလွဲပိုင်းတွင် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ကုလသမဂ္ဂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး အကြီးတန်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး စာတမ်းရှင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်သိန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Cyber Security ဌာန တွဲဖက်ပါမောက္ခဒေါက်တာ မီမီစုသွင်တို့က e-Government စနစ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြား ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဖတ်ကြားဆွေးနွေးသည့် စာတမ်းများအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲ၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား NOBEL Gold Ltd. ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား NOBEL Gold Ltd. ဥက္ကဋ္ဌ Grigory Gurevich နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သတ္တုများတူးဖော်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ပိုမိုအလေးထား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး တပ်ဆင်ဆဲဖြစ်သော ဓာတ်အားပေးစက် အမှတ် (၁)ကို ရေဝင်ရောက်မှုနည်းနေသေးသည့်အပေါ်မူတည်၍ အသေးစိတ်ဂရုစိုက် အချိန်ယူစိစစ်ကာ စက်တပ်ဆင်ရန်၊ သေချာမှုရှိစေရန်၊ တမံနှင့်တမံဆိုင်ရာ ရေအားအဆောက်အအုံများနှင့် ဓာတ်အားပေးစက်ရုံ၏ စက်ရုံဆိုင်ရာ စက်အစိတ်အပိုင်းများ ကြံ့ခိုင်ထိန်းသိမ်းမှု အပိုင်းများကို ရက်အလိုက်၊ ရက်သတ္တပတ်အလိုက်၊ လအလိုက်လုပ်ဆောင်မှု၊ စစ်ဆေးမှု ဇယားရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ရန်၊ မိုးရွာသွန်းမှု များပြားပြီး ရေစီးဝင်မှုများသည့် လပိုင်းတွင် တမံကို စောင့်ကြပ်ကြည့်ရှုမှုနှင့် ထိန်းသိမ်းမှု၊ ကာကွယ်မှုလုပ်ငန်းများကို ပိုမိုအလေးထား ဂရုစိုက်ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကာ တပ်ဆင်ပြီးဓာတ်အားပေးစက်သုံးလုံး၏ စက်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှု၊ တပ်ဆင်ဆဲ ဓာတ်အားပေးစက်၌ စက်တပ်ဆင်နေမှု၊ ဓာတ်အားပေးစက်ထိန်းချုပ် မောင်းနှင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တမံ၏ ဝဲဘက်ကမ်းမှ တမံအတွင်း ရေဝင်ရောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ၏ဆောင်ရွက်ရမည့် လုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေးကိစ္စရပ်များနှင့် ရေဝပ်ဧရိယာများအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထုတ်လုပ်ပေး

အဆိုပါ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းတွင် နောက်ဆုံးစက်တစ်လုံးကို မကြာမီ တပ်ဆင်ပြီးစီးမည်ဖြစ်ပြီး စက်အားလုံး တပ်ဆင်ပြီးစီးပါက စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် PRE - SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲကို မေ ၂၁ ရက်က အမှတ် ၇ လေးထောင့်ကန်လမ်း သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့သင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။ (၁၃၅)

မုတ်သုံလေဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇွန် ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုးရွာသွန်းမှုများ

(၁၄-၆-၂၀၁၁)

လောင်းလုံမြို့	၄ ဒသမ ၆၉ လက်မ
ပူတာအိုမြို့	၂ ဒသမ ၇၅ လက်မ
မာန်အောင်မြို့	၂ ဒသမ ၆၄ လက်မ
ဒွေမြို့	၂ ဒသမ ၄၈ လက်မ
ကိုကိုးကျွန်းမြို့	၂ ဒသမ ၂၀ လက်မ
မြစ်ကြီးနားမြို့	၁ ဒသမ ၉၇ လက်မ
သံတွဲမြို့	၁ ဒသမ ၉၇ လက်မ
ထားဝယ်မြို့	၁ ဒသမ ၉၇ လက်မ
မြိတ်မြို့	၁ ဒသမ ၉၃ လက်မ



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဒေဝူးကော်ပိုရေးရှင်းမှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman , Mr. Dong Hee Lee သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Daewoo International ကော်ပိုရေးရှင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ရေးအပါအဝင် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman, Mr. Dong Hee Lee လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သင်တန်းများဖွင့်ပွဲ အခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှု အဆင့်(၄) မွမ်းမံသင်တန်း၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ယခုဖွင့်လှစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၄)မွမ်းမံသင်တန်း၌ သင်တန်းသား သင်တန်းသူ ၄၈ ဦး၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်း၌ သင်တန်းသား သင်တန်းသူ ၂၀၊ ပစ္စည်းထိန်း(၄)သင်တန်း၌ သင်တန်းသား သင်တန်းသူ ၃၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၄) မွမ်းမံသင်တန်း၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး မင်းလှပင်မဓာတ်အားခွဲရုံအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် ဇွန် ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးသည် ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ မင်းလှပင်မဓာတ်အားခွဲရုံ အသစ်တည်ဆောက်ရေး လုပ်ငန်းခွင်၌ တာဝန်ရှိသူတို့၏ မင်းလှဓာတ်အားခွဲရုံ Layout Plan၊ Switch Yard Layout Plan ၊ ခွဲရုံတည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများရောက်ရှိမှု၊ ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု၊ ၂၃၀ကေဗွီ သာယာကုန်း-မင်းလှမဟာဓာတ်အားလိုင်း လိုင်းအူကြောင်းလျာထားရွေးချယ်ထားရှိမှုနှင့် ၂၃၀ ကေဗွီအေ ရွှေတောင်-မြောင်းတကာ မဟာဓာတ်အားလိုင်း လိုင်းအူကြောင်းလျာထား ရွေးချယ်ထားရှိမှုတို့အပေါ် လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဓာတ်အားခွဲရုံ Control Room အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ Switch Yard တည်ဆောက်မည့် မြေနေရာသတ်မှတ်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မင်းလှပင်မဓာတ်အားခွဲရုံ Switch Yard တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အသိတစ်လုံးအပြုံးကိုယ်စီ** တရားတော်(သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၆:၄၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၃)
- ၈:၄၅ ကြည်ညိုဖွယ်ရာဖူးမြော် ဆုတောင်းပြည့် သဗ္ဗဇယအောင်စေတီတော်
- ၉:၀၅ လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ လိုင်းမြစ်ကျော်တာဝါ တည်ဆောက်ခြင်း
- ၉:၃၀ အားကစားမြင်ကွင်းစုံ
- ၁၀:၀၅ Activities in the City ပါမောက္ခဒေါက်တာအောင်ခင် (ခွဲစိတ်)၏ ဒို့ဘဝဆေးကျောင်း မမေ့စကောင်းစာအုပ်မိတ်ဆက်ပွဲ
- ၁၀:၂၅ ဓာတ်ပုံထဲမှအမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
- ၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် ES4E Summer Language and Training Centre ရဲ့ ES4E Summer Course 2011 သင်တန်းဆင်းပွဲ
- ၁၁:၁၀ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ် (လူကုန်ကူးမှုပညာပေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲ)
- ၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဟင်းခါးသီးပဲဟင်းနှင့် ဘဲသားကြံမဆိုင်)
- ၁:၀၀ **အသိတစ်လုံးအပြုံးကိုယ်စီ** တရားတော်(သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **ဝေဖန်တာကောင်းတယ်၊ မဝေဖန်တာကောင်းတယ်**
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၅)
- ၄:၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၉၃)
- ၅:၀၀ နည်းပညာမျှဝေလို့ သစ်မွေးထုတ်လုပ်စို့
- ၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၄၅ ဝတာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ပန်းပျိုးလက်ဖြင့်ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ...
- ၆:၃၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၆)
- ၇:၂၀ Cartoon Show Time (THOR)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (James Cook University Singapore)
- ၈:၄၅ ရန်ကုန်မြို့မိုးညှင်းဝိပဿနာ တိုက်သစ် ဓမ္မဒိန္နာအမျိုးသမီးယောဂီ လေးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ
- ၉:၁၅ Celebrity Style (နေခြည်လင်းလဲ့)
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၄)
- ၁၀:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
- ၁၀:၅၅ Industrial Talk
- ၁၁:၃၀ World of Knowledge (Mega Structures ; ICE HOTEL)
- ၁၂:၂၀ ကျောက်ကပ်နှင့်ကျောက်ကပ်ရောင် ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
- ၁၂:၃၅ နုယဉ်ဆန်းထွင် သစ်သီးအလှဆင်၊ အရန်ဟင်းလျာ အလှဆင်နည်း
- ၁:၀၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ...
- ၁:၁၀ **နတ်လူသာရ ခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁:၃၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၂:၀၀ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၂:၁၀ ရောင်စုံရသနီယွန်ည
- ၂:၄၅ Music Talk (သီတာရတနာ)
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ ပရအကျိုးတို့သယ်ပိုးစို့
- ၄:၁၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Universal Light)
- ၄:၂၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
- ၄:၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြည့်ရှုစစ်ဆေး

ဇွန် ၁၁ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇) ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးတွင် အသင်းဝင် ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကို စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြင်သစ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ အစီအစဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လူမှုဖူလုံရေး၊ အလုပ်သမားများမှတ်ပုံတင်ရေး အသိပညာပေးခြင်းအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက သဃ်ံန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ကျော်ထွန်းဝင်းက ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေး ဟောပြောသည်။

ပညာပေးဆွေးနွေး

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးအေးသိန်းက လူမှုဖူလုံရေးနှင့် အလုပ်သမားမှတ်ပုံတင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၂၅)



အမှတ်(၁၃၅၃)ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ချိုချို(မြေး) မောင်ဟိန်းထူးအောင်၊ မရတနာမင်းမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံ ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် ငွေကျပ်၅၀၁၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

မော်လမြိုင်မြို့နယ် ရွှေတောင်ရပ်ကွက်ရှိ အမှတ်(၄)တံတားလမ်းနှင့် အောက်လမ်းမလမ်းဆုံ အုတ်ခုံကွန်ကရစ်တံတား ဆောက်လုပ်နေခြင်းကို မေ ၂၃ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကိုတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၀၇)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၆ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ကျောင်းသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (၀၃၁)

မေ ၂၅ ရက်က ကျင်းပသော ဖျာပုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ဧရာရွှေဝါကုမ္ပဏီလီမိတက် စက်သုံးဆီရောင်းဝယ်ရေး ဖျာပုံ မန်နေဂျာ ဦးအောင်ခိုင်ဝင်းက ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်ဆယ်သိန်းကို မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၆၇)

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၈ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အမက(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာစာအုပ်များကို မေ ၁၁ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ကျောင်းသားတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ဟသ္သာတမြို့နယ်ရဲတပ်ဖွဲ့၏ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၀ရက်က မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ကိုကိုက မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ကြေးပေးအပ်စဉ်။ (၀၇၅)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဒူဘီမီးတောင်ပေါက်ကွဲမှုဖြစ်ပွား ပြာမှုန်နှင့် မီးခိုးများပျံ့လွင့်နေ

တိုလိုမီ ဇွန် ၁၄

အာဖရိကအရှေ့ပိုင်း နိုင်ငံငယ်တစ်နိုင်ငံဖြစ်သည့် အီရီထရီယာနိုင်ငံရှိ ဒူဘီမီးတောင်သည် ဇွန် ၁၃ ရက်က ပေါက်ကွဲခဲ့ရာ ပြာမှုန်နှင့် မီးခိုးများ ဝေဟင်အမြင့် ၁၅ ကီလိုမီတာအထိ လွင့်ပျံ့လျက်ရှိကြောင်း ဒေသအရာရှိများက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ထိခိုက်နိုင်

၎င်းမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်နေသော မီးခိုးနှင့်ပြာမှုန်များကြောင့် ဒေသအတွင်းလေကြောင်းပျံသန်းမှုများကို ထိခိုက်စေနိုင်ကြောင်း သက်ဆိုင်ရာက သတိပေးထားသည်။ ယင်းမီးခိုးနှင့်ပြာမှုန်များမှာ အိမ်နီးချင်း ဆူဒန်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသ ဝေဟင်အထိလွင့်ပျံ့လျက်ရှိသည်။

ပျံ့နှံ့

အဆိုပါ မီးတောင်သည် လွန်ခဲ့သည့် ၁၈၆၁ ခုနှစ် နောက်ပိုင်း ယခုပထမဆုံးအကြိမ်အဖြစ် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ပြာမှုန်နှင့် မီးခိုးများသည် အီဂျစ်၊ အစ္စရေးနှင့် အာရပ်ကျွန်းဆွယ်ဒေသများအထိ ပျံ့နှံ့ရောက်ရှိနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ၌ အစာအဆိပ်သင့်မှုဖြစ်ပွား လူ ၂၀၀ခန့် ဆေးရုံတင်ခဲ့ရ

မိုးမြင့်လင်းလက် စုစည်းသည်

မနီလာ ဇွန် ၁၄

ဖိလစ်ပိုင်နိုင်ငံ ဘူလာကန်ပြည်နယ်မြောက်ပိုင်းတွင် ဇွန် ၁၄ ရက်က မွေးနေ့ပွဲတစ်ရပ်၌ ကျွေးမွေးသော အစားအစာများကို စားသုံးကြပြီးနောက် လူ ၂၀၀ခန့် အစာအဆိပ်သင့်ကာ ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ဒေသန္တရကျန်းမာရေးအရာရှိ ဒေါက်တာရီဇာလ်လီလူကတ်စ်က ပြောကြားသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားသူ အများစုမှာ ကလေးငယ်များဖြစ်ကြပြီး ဝမ်းဗိုက်နှင့် ရင်ဘတ်များအောင့်ခြင်းနှင့် နာကျင်ခြင်းများ ခံစားခဲ့ကြရကြောင်း၊ ၎င်းတို့အား ဆေးရုံ၌ ဆေးကုသမှုခံယူစေခဲ့သဖြင့် ဝေဒနာခံစားနေရမှုများ သက်သာစေခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)**

မွေးနေ့ပွဲကျင်းပသည့်နေရာမှာ ဘူလာကန်ပြည်နယ် ကာလစ်ပစ်မြို့အနီး ကျေးရွာတစ်ရွာ၌ဖြစ်ပြီး ၎င်းအစာအဆိပ်သင့်မှုနှင့် ပတ်သက်ပြီး မည်သည့်အတွက်ကြောင့် ဖြစ်ပွားရသည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

နယူးဇီလန် ခရစ်ချက်ချ်မြို့၌ ငလျင်လှုပ် နေအိမ်များပျက်စီး လူ ၄၀ ကျော်ဒဏ်ရာရ

ဝယ်လ်လင်တန် ဇွန် ၁၄

နယူးဇီလန်နိုင်ငံ ခရစ်ချက်မြို့တွင် ဇွန် ၁၃ ရက်က အင်အားရစ်ချ်တာစကေး ၆ ရှိသော ငလျင်ထပ်မံလှုပ်ခဲ့ရာ နေအိမ်များပျက်စီးပြီး လူ ၄၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း နယူးဇီလန်အရာရှိများက ဇွန် ၁၄ ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ပျက်စီး

ယင်းနေ့က အင်အားရစ်ချ်တာစကေး ၅ ဒသမ၂ ရှိ ငလျင်လှုပ်ပြီးနောက် မကြာမီ ၎င်းငလျင် ထပ်မံလှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ဗဟိုသည် ခရစ်ချက်မြို့အနီးတွင် ကျရောက်သဖြင့် မြို့ဆင်ခြေဖုံး အရပ်များရှိ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ခြင်းဖြစ်သည်။

ခရစ်ချက်မြို့ရှိ ဈေးအတွင်း ဆိုင်များပျက်စီးခဲ့ပြီး နေအိမ် ၃၀၀၀၀ ခန့် ဓာတ်အားပြတ်တောက်လျက်ရှိသည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ နယူးဇီလန်နိုင်ငံတွင် ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂၂ ရက်ကလည်း အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်လှုပ်ခဲ့မှုကြောင့် လူ ၁၈၁ ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သေးသည်။ **(အင်တာနက်)**

နိုင်ငံတကာရှုမြင့် နိုင်ငံတကာရှုမြင့်

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားမော်ဒယ်လ်နှင့် သရုပ်ဆောင်အိုင်ရီနာ၏ ဘဝပုံရိပ်

ဥရောပမော်ဒယ်လ်လောက၌ ထင်ရှားကျော်ကြားနေသည့် ရုရှားမော်ဒယ်လ်အိုင်ရီနာသည် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် ယူနီဗာဆယ်က ရုပ်ရှင်ကားရိုက်ကူးရန်အတွက် ဆွေးနွေးနေကြောင်း ၎င်းကုမ္ပဏီက ဇွန် ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

*အသက် ၂၄ နှစ်အရွယ်ရှိ အိုင်ရီနာ **(အပေါ်ပုံ)** သည် ဆံပင်အညိုရောင်၊ မျက်လုံးအပြာရောင်တို့ဖြင့် ဆွဲဆောင်မှုအပြည့်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့၊ ပြင်သစ်နိုင်ငံပါရီမြို့နှင့် အီတလီနိုင်ငံမီလန်မြို့တို့ရှိ မော်ဒယ်လ်အေဂျင်စီများနှင့် စာချုပ်ချုပ်ဆိုကာ မော်ဒယ်လ်လုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်နေသူဖြစ်သည်။ ယခုအခါ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။*

ဖခင်ဖြစ်သူမှာ ဘာရာဇီးနိုင်ငံသားဖြစ်ပြီး ကျောက်မီးသွေးမိုင်းလုပ်သားတစ်ဦးဖြစ်သည်။ မိခင်မှာ ရုရှားနိုင်ငံသူဖြစ်ပြီး စန္ဒရားတီးသင်ပြသည့် ဆရာမဖြစ်ရာ အိုင်ရီနာမှာ အသက်ခြောက်နှစ်အရွယ်ကပင် စန္ဒရားစတင်တီးခတ်နိုင်သူဖြစ်ခဲ့သည်။ သူမအသက်ကိုးနှစ်၌ ဂီတကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး သီချင်းဆိုခြင်းနှင့် စန္ဒရားတီးခတ်ခြင်းတို့ကို ကောင်းမွန်စွာ လေ့လာနိုင်ခဲ့သည်။ အိုင်ရီနာအသက် ၁၄နှစ်အရွယ်၌ ဖခင်ဖြစ်သူသေဆုံးခဲ့သဖြင့်အိမ်၏ဝင်ငွေအတွက် မိခင်ဖြစ်သူမှာ အလုပ်နှစ်ခုကို လုပ်ကိုင်ခဲ့ရသည်။

အိုင်ရီနာမှာ အထက်တန်းကျောင်းတက်ပြီးနောက် သူမ၏ တစ်ဦးတည်းသော အစ်မဖြစ်သူနှင့်အတူ အလှပြုပြင်ရေးဆိုင်တစ်ဆိုင်၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ရသည်။ ထိုသို့လုပ်နေစဉ် မော်ဒယ်လ်အေဂျင်စီတစ်ခုမှပိုင်ရှင်တစ်ဦးက သတိပြုမိခဲ့ပြီးနောက် ခေါ်ယူကာ မော်ဒယ်လ်တစ်ဦး ဖြစ်လာအောင် ဆောင်ရွက်ပေးခဲ့ရာမှ အသက် ၁၉ နှစ်အရွယ်၌ အောင်မြင်ကျော်ကြားသော မော်ဒယ်လ်တစ်ဦးဖြစ်လာခဲ့သည်။

၂၀၁၀ခုနှစ် အအောင်မြင်ဆုံး နိုင်ငံတကာမော်ဒယ်လ်ဆုရရှိခဲ့ပြီး ဒါရိုက်တာ မာကိုဘရမ်ဘီလာ ရိုက်ကူးသည့် Power ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့အပြင် GQ၊ Spain Annabelle Bolero Woman Jalouse Paris Capital စသည့် ကမ္ဘာ့ကျော်မဂ္ဂဇင်းများ၌လည်း မျက်နှာဖုံးမယ်အဖြစ် ဖော်ပြခံရသူဖြစ်သည်။ ရုရှားနိုင်ငံ၏ ကလေးသူငယ်များစောင့်ရှောက်ရေးဆိုင်ရာ သံတမန်တစ်ဦးအဖြစ်လည်း လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသူဖြစ်သည်။

*အိုင်ရီနာသည် ၂၀၁၀ ခုနှစ် မေလမှစတင်ကာ ကမ္ဘာကျော်ဘောလုံးသမား စီရိုနယ်ဒိုနှင့် တွဲလျက်ရှိပြီး **(အောက်ပုံ)** မကြာမီကပင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲသို့ နှစ်ဦးသား သွားရောက်ကြည့်ရှုခဲ့ကာ ချစ်ခရီးကို ဖြတ်သန်းလျက်ရှိပါကြောင်း။ ။* ***(အင်တာနက်)***

နိုင်ငံတကာအားကစား

မြင့်မောင်စိုး - စုစည်းသည်

ဂိုးသမားဟီလာရီယို ချယ်လ်ဆီးနှင့် တစ်နှစ်ထပ်မံစာချုပ်



လန်ဒန် ဇွန် ၁၄

ချယ်လ်ဆီးဂိုးသမားဟီလာရီယို(ဝဲပုံ)အား တစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ကြေညာသည်။

ကုန်ဆုံး

အသက် ၃၅နှစ်အရွယ်ရှိ အဆိုပါ ဂိုးသမားသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်ထားမှုမှာ လာမည့် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ ပေါ်တူဂီ ဂိုးသမားဟီလာရီယိုသည် ချယ်လ်ဆီးအသင်းတွင် ခြောက်နှစ်ကြာကစားခဲ့ပြီးဖြစ်သော်လည်း အရန်ဂိုးသမားအဖြစ်သာ ကစားခဲ့ရသည်။ ချယ်လ်ဆီးအသင်း၏ အဓိကဂိုးသမား ပီတာချက် အစွမ်းပြနေမှုကြောင့် အရန်အဖြစ်သာ ကစားခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ၃၇ပွဲ ကစားပေးနိုင်ခဲ့ပြီဖြစ်သည်။ *(အင်တာနက်)*

ဘလက်ဘန်းနောက်တန်းကစားသမား ဖီးလ်ဂျုံး(စ်) မန်ယူက ငါးနှစ်စာချုပ်ချုပ်ဆို

လန်ဒန် ဇွန် ၁၄

*ဘလက်ဘန်းနောက်တန်းကစားသမား ဖီးလ်ဂျုံး(စ်) **(ယာပုံ)**အားမန်ယူက ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။*

ခေါ်ယူ

ဖီးလ်ဂျုံး(စ်)အား မန်ယူကငါးနှစ်သက်တမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အင်္ဂလန်အသက် ၂၁ နှစ်အောက် ဘောလုံးသမားတစ်ဦးဖြစ်ပြီး နောက်တန်းနှင့်ကွင်းလယ် နှစ်မျိုးကစားနိုင်သူဖြစ်သည်။ အသက် ၁၉နှစ်အရွယ်ရှိ ဖီးလ်ဂျုံး(စ်)အား အာဆင်နယ်နှင့် လီဗာပူးတို့က ခေါ်ယူရန် အကြိတ်အနယ်ကြိုးစားနေစဉ် မန်ယူက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကစားသမားပြောင်းရွှေ့မှုအတွက် မန်ယူကစားသမားများနှင့် နည်းပြဖာဂူဆန်က လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။ ***(အင်တာနက်)***

ပြည်ထဲရေးဝန်ကြီးဌာန ကျောင်းသား ကျောင်းသူများအား

ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ / ဦးစီးဌာန ဝန်ထမ်း မိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ရာ ဦးစီးဌာနနှင့်တပ်ဖွဲ့အလိုက် တာဝန်ရှိသူများက လက်ခံကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန အနေဖြင့် ယခုပညာသင်နှစ်အတွက် ထောက်ပံ့ငွေကျပ် ၁၃၄၃၂၀၀၀ တန်ဖိုးရှိသည့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးခဲ့သည့်အပြင် ပြည်ထောင်စုဝန်ကြီး မိသားစုကလည်း ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီး ဌာနအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာန ဝန်ထမ်း မိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ် ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ လျှပ်တစ်ပြက်
- ၄း၄၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၉။ ရွှေဟောင်းသုတ
- ၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၃)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ Mail Box
- ၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၀)
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၃၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **မယားနပန်း** သူရလင်း၊ ဝင်းနိုင်၊ ဇေရာနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ- စိန်လင်း(ပုံရိပ်ရွှေမြေ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၃)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အင်ဂျင်နီယာ ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၄

Engineering Diploma နှင့် Advanced Diploma တန်းခွဲသစ်များကို ဂလိုရီ အင်ဂျင်နီယာ အတတ်ပညာသင်တန်းကျောင်းမှ ဇွန် ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရုံးချိန် အလွတ် တန်းခွဲပါ စီစဉ်ထားကြောင်းသိရသည်။

ဆက်သွယ်စုံစမ်းနိုင်

GLORY မှ ဖွင့်လှစ်သော အင်ဂျင်နီယာဒီပလိုမာတန်းခွဲများသည် သင်တန်းကာလ ခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်ပြီး (UK)မှ စစ်ဆေးသောစာမေးပွဲကို အောင်မြင်ပါက NQF Level(2) မှ (5)အတွင်း အဆင့်ရှိ ဒီပလိုမာ လက်မှတ်ကို City & Guilds (UK)မှ ချီးမြှင့်မည် ဖြစ်သည့်အပြင် အလုပ်လုပ်ခွင့်ပါမစ် (S-pass, Employment pass) များ ရရှိရန်လည်း အထောက်အကူပြုကြောင်း သိရသည်။ Level(2), (3) သင်တန်းများကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး Level(5)သင်တန်းများကို ပြည်တွင်း၊ ပြည်ပမှ အင်ဂျင်နီယာ ဒီပလိုမာ တစ်ခုခုရရှိထားသူများ တိုက်ရိုက် တက်ရောက်နိုင်ကာ တက်ရောက်နိုင်သော ဘာသာရပ်များမှာ Electronic, Electrical, Mechatronic, Mechanical, Mechanical and Electrical, Construction(Civil), Telecommunication, Refrigeration and Airconditioning, Electrical Installation တို့ဖြစ်ပြီး စိတ်ပါဝင်စားသူများအတွက် ၁၂၅-ဘီ ပထမထပ် ၃၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၀၁-၃၇၃၄၃၁၊ ၀၉-၇၃၁၂-၁၇၁၇၊ ၀၉-၅၁၉၇၈၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပညာတတ်ထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းရေး ဆရာ ဆရာမများက လူချွန်လူကောင်းများဖြစ်အောင် သင်ကြားပေး

နေပြည်တော် ဇွန် ၁၄

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် စံပြ



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ရွာ အမှတ် (၂၈)အခြေခံပညာ မူလတန်းကျောင်း ကျောင်းသား ကျောင်းသူ များအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာ အမှတ်(၂၄)အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၌ ကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံး ဘက်စုံကဏ္ဍစုံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူများဝင်ငွေ တိုးတက်ရရှိစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တောင်သူများ၏ လယ်ယာထွက်ကုန်များ တွက်ခြေကိုက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုနည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာ ဆရာမများကလည်း မိမိတပည့်များအား ပညာတတ်အောင် သင်ကြားပေးရုံသာမက စာရိတ္တကောင်းမွန်ပြီး လူချွန်လူကောင်းများ ပေါ်ထွန်းလာရေး ဆောင်ရွက်ပေးကြရန်၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်စကားအတိုင်း စည်းကမ်းရှိသော ကျောင်းသားများဖြစ်အောင် သင်ကြားပေးရန်၊ ပညာရွှေအိုးလူမခိုး ဆိုသည့် စကားအတိုင်း ပညာတတ်ထူးချွန်သော ကျောင်းသားများ၊ အနာဂတ်အတွက် မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သော လူချွန်လူကောင်းများ ပေါ်ထွန်းရေး သင်ကြားပေးကြရန် လိုအပ်ကြောင်း မှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ၂၉ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၃၆၄ စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ရွာ အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်း ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗလာစာအုပ် ၂၅ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၁၈၃ စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာ အမှတ် (၁၇၉) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်း ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗလာစာအုပ် ၂၄ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၁၉၁ စုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အရင်တုန်းက လက်ရွေးစင် အားကစားသမား ဟောင်းတွေ တစ်ယောက်မှ မပါဘူး။ အခု မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်နေတာပါ'' ဟု ရှင်းပြသည်။

ဆက်လက်၍ အဖွဲ့ချုပ် အတွင်းရေးမှူးက မျိုးဆက်သစ်များရရှိရေးနှင့် ပတ်သက်၍ ဆက်လက်ရှင်းပြရာ ''မျိုးဆက်သစ်တွေရရှိဖို့အတွက် အချို့နယ်တွေမှာ အလေးမ လေ့ကျင့်ရေးစခန်းတွေ ဖွင့်ပြီး ကစားသမားတွေ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်နေပါတယ်။ လေ့ကျင့်ရေးစခန်းတွေဆိုရင် ပျဉ်းမနား၊ လယ်ဝေး၊ ပုသိမ်၊ မြောင်းမြတို့မှာ ရှိပါတယ်။ အလေးမ

လေ့ကျင့်ရေးစခန်း ဆယ်ခုလောက် ရှိအောင် ဖွင့်သွားမှာဖြစ်ပါတယ်။ အဲဒီကျမှ မျိုးဆက်သစ် အားကစားသမားတွေ တော်တော်များများ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ အားကာ သိပ္ပံမန္တလေးနဲ့ ရန်ကုန်ကလည်း အလေးမကစားသမားတွေ မွေးထုတ်ပေးနေတာ တွေလဲ ရှိပါတယ်''ဟု ရှင်းပြသည်။

အလေးမအားကစားနည်းနဲ့ ပတ်သက်တဲ့ လေ့ကျင့်မှုတွေ၊ နည်းစနစ်နဲ့ဆိုင်တဲ့ လေ့ကျင့်မှုတွေ ပြုလုပ်ပေးပါတယ်။

ဦးမြင့်ဆွေ
အတွင်းရေးမှူး

ယခုအခါ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိရာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်များ ရယူပေးနိုင်မည့် အလေးမအားကစားသမားကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

နယ်စပ်ရေးရာနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးသည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၄) နှင့် (၄၂)တို့တွင် ကျင်းပသော ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ ကံ့ကော်ပင်၊ မဟော်ဂနီပင်နှင့်ကျွန်းပင်တို့ စိုက်ပျိုးပေးပြီး**(အပေါ်ပုံ)** ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးဟန်စိန်နှင့် ဦးချန်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှအရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၅၈၀ ကျော်ပါဝင်၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသော နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၅၂၀၊ ပျဉ်းကတိုး ၃၄၀၊ မဟော်ဂနီ ၂၅၀၊ မန်ကျည်း ၅၀၊ စိန်ပန်းပု ၅၀နှင့် ကံ့ကော် ၃၀ စုစုပေါင်း အပင် ၁၂၄၀ စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့ပြီး နှစ်ရှည်စားပင် ၆၅၉၁ပင်၊ အရိပ်ရလေကာပင် ၃၇၅ပင်၊ ယခုနှစ် စိုက်ပျိုးပင် ၁၂၄၀ ရှိရာ စုစုပေါင်း ၈၂၀၆ပင် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၄

သာသနာရေး ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး စိုက်ပျိုးခင်း မြေကွက်လပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့်တာဝန်ရှိသူများက အထိမ်းအမှတ် အုန်းပင်များကို စိုက်ပျိုးပေးကြပြီး သာသနာရေးဝန်ကြီးဌာန လျှိုပိတ်ဆည် အမှတ်(၂) အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ သစ်ပင်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသော သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ အုန်းပင်စသည့် အရိပ်ရ လေကာပင်များအပြင် သရက်၊ ပိန္နဲ၊ ကင်ပွန်း၊ ဒန့်သလွန်၊ ဆူးပုပ်၊ သဘော်၊ မာလကာ၊ မရန်းစသည့် သီးပင်စားပင်များ အပါအဝင် စုစုပေါင်း သစ်ပင်ပျိုးပင် ၂၀၁၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)** **(သတင်းစဉ်)**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မုဒုံနှင့်ချောင်းဆုံမြို့နယ်တို့၌ ကျင်းပ

နေပြည်တော် ဇွန် ၁၄

မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်တွင် မုဒုံမြို့ ကန်ကလေးအခြေခံပညာ မူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့်ဇနီး၊ မြို့နယ် သစ်တော ဦးစီးအရာရှိ ဦးအောင်စိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များက ခရေ၊ ကံ့ကော်၊ မဟော်ဂနီနှင့် ကျွန်းပင် စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်း စိုက်ပျိုးပေးကြသည်။ **(ဝဲပုံ)**

အလားတူ ပြည်နယ် သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကသြော်ကျေးရွာ၌ ကျင်းပရာ ဒေသခံပြည်သူများက ယူကလစ်နှင့် ခရေပင်တို့ အပါအဝင် အရိပ်ရ နှစ်ရှည်ပင် ပျိုးပင်ပေါင်း ၉၆၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့

ဒေါက်တာ ခင်မွန်မွန်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ကို နှစ်စဉ် ဧပြီ ၂၅ ရက် သို့မဟုတ် မိမိနိုင်ငံနှင့်သင့်လျော်မည့်နေ့ရက်တွင် ကျင်းပရန် ချမှတ်နိုးဆော်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုရက်သတ္တပတ်ကို နှစ်စဉ် ဇွန်လ၌ ကျင်းပလျက်ရှိသည်။ သို့ဖြစ်၍ ယခု ၂၀၁၁ ခုနှစ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ကို ဇွန် ၁၅ ရက်တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ငှက်ဖျားတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ "ငှက်ဖျားသေဆုံးမှု ပပျောက်ရေး၊ ၂၀၁၅ မှန်းမျှော်တွေး၊ တိုးမြှင့်စုပေါင်းတိုက်ဖျက်ပေး" ဟူ၍ ဖြစ်ပါသည်။

ငှက်ဖျားရောဂါသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါဆိုင်ရာ အစီရင်ခံစာအရ တစ်ကမ္ဘာလုံးရှိ လူဦးရေ သန်းပေါင်း ၂၃၆ သန်းသည် ငှက်ဖျားရောဂါခံစားခဲ့ရပြီး ယင်းတို့အနက် ၈၅ ရာခိုင်နှုန်းမှာ အာဖရိကဒေသနိုင်ငံများ၌လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသများ၌လည်းကောင်း၊ ငါးရာခိုင်နှုန်းမှာ ကျန်ဒေသများ၌လည်းကောင်း ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ ၎င်း အစီရင်ခံစာတွင် တစ်ကမ္ဘာလုံး၌ ငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့ရသူ ရှစ်သိန်းရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါပြဿနာမှာ သစ်တောနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းလုပ်ကိုင်သူများတွင် အဖြစ်များလေ့ရှိပြီး စောစီးစွာ ကုသမှုမခံယူပါက အသက်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းများမှာ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံဆေးပေးခန်းများသို့ ပေးပို့သော စာရင်းဇယားများအရ ၂၀၀၀ ပြည့်နှစ်က လူဦးရေ တစ်သိန်းလျှင် ခြောက်ဦးခန့် သေဆုံးခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၁ ဒသမ ၃ ဦးသာ သေဆုံးသည်ကို တွေ့ရှိရသည်။ ကိန်းဂဏန်းအရ ဖော်ပြရပါလျှင် ၂၀၀၀ ပြည့်နှစ်က ငှက်ဖျားကြောင့် သေဆုံးသူ ၂၇၅၆ ဦး သေဆုံးခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၇၈၉ ဦး သေဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။

၁၉၇၈ ခုနှစ်မှစတင်၍ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို လူထုမှလက်လှမ်းမီစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများကပါ ပူးပေါင်းတာဝန်ယူဆောင်ရွက်ပြီး ပြည်သူလူထုအောက်ခြေအထိ လွှမ်းခြုံမှုပေးနိုင်ခဲ့သည်။ ထိုကာလက ငှက်ဖျားပိုး ရှိ မရှိ စစ်ဆေးနိုင်သည့် အဏုကြည့်မှန်ဘီလူးများကို မြို့နယ်အဆင့်တွင်သာ အမိကဖြန့်ဝေနိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲအထိ ဖြန့်ဝေနိုင်မှုမှာ ခြောက်နေရာတွင်သာ ဖြန့်ဝေနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၇၀၀ တွင် အဏုကြည့်မှန်ဘီလူးများ ဖြန့်ဝေတပ်ဆင်နိုင်ခဲ့ပြီး ကျေးလက်ဒေသအထိ ငှက်ဖျားရောဂါရှာဖွေဖော်ထုတ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်မတိုင်မီကာလများက ငှက်ဖျားရောဂါကုသရာတွင် ဆေးတစ်မျိုးတည်းဖြင့်ကုသခြင်း (Monotherapy) ကို အသုံးပြုခဲ့ရာမှ ပိုမိုထိရောက်သော ကုသမှုဖြစ်စေရန် ၂၀၀၂ ခုနှစ်မှစ၍ ပိုမိုအစွမ်းထက်သော (အာတီမီစီနင်) အခြေပြုသည့် ငှက်ဖျားရောဂါဆေးပေါင်း (Artemisinin based Combination Therapy-ACT) ကို စတင်ကျင့်သုံးခဲ့ပါသည်။ ၎င်းအပြင် ငှက်ဖျားရောဂါပိုး ရှိ မရှိ ချက်ချင်းစမ်းသပ်နိုင်သည့် ငှက်ဖျားအမြန်စစ်ဆေးကိရိယာ (Rapid Diagnostics Test) များကို ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အချို့ဒေသများတွင် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများအထိ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ယခုအချိန်တွင် ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အစိုးရကျန်းမာရေးဌာနများ၊ ဆေးပေးခန်းနှင့်ဆေးရုံများတွင်သာမက အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်နီးနွယ်သော အခြားဝန်ကြီးဌာနများကလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် ငှက်ဖျားလူနာကိုးသိန်းခန့်ကို သွေးဖောက်စစ်ဆေးခဲ့ပြီး ငှက်ဖျားပိုးတွေ့သူပေါင်း လေးသိန်းခန့်ကို ACT ဖြင့် အခမဲ့ဆေးကုသမှု ပေးနိုင်ခဲ့ပါသည်။

ဝေးလံခက်ခဲသောဒေသများနှင့် ကူးစက်မှုများသော ကျေးရွာများတွင် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေပေးခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၀ ခုနှစ် စာရင်းဇယားများအရ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်သည် မြန်မာနိုင်ငံရှိ ငှက်ဖျားကူးစက်မှုများပြားသော မြို့နယ်များရှိ ကျေးရွာပေါင်း ၂၇၅၃ ရွာရှိ အိမ်ခြေပေါင်း ၂၄၆၅၀၀ ကို ဆေးစိမ်ခြင်ထောင် ၃၃၀၀၀၀ကျော် အခမဲ့ပေးဝေခဲ့ပြီး ကူးစက်မှုအသင့်အတင့်ရှိသော ကျေးရွာပေါင်း ၁၂၅၆ ရွာရှိ အိမ်ခြေပေါင်း ၁၅၀၀၀၀ ၏ ခြင်ထောင်အလုံးပေါင်း ၁၆၀၀၀၀ကျော်ကို အခမဲ့ ပိုးသတ်ဆေးစိမ်ပေးခဲ့သည်။

ငှက်ဖျားရောဂါကြောင့် သေဆုံးမှုပပျောက်ရန်မှာ ရှေးဦးစွာ ငှက်ဖျားရောဂါမဖြစ်စေရန် မိမိကိုယ်မိမိ ကာကွယ်ရန်ဖြစ်ပြီး အကယ်၍ငှက်ဖျားရောဂါ ဖြစ်ပွားလာပါက စောစီးစွာ သွေးစစ်ကာ ထိရောက်သောဆေးဝါးဖြင့် ကုသရန်ဖြစ်ပါသည်။ မည်မျှပင် ထိရောက်သော ဆေးကုထုံးဖြစ်စေကာမူ ပြည်သူလူထုများအနေဖြင့် သွေးဖောက်စစ်ဆေးခြင်းမရှိဘဲ ငှက်ဖျားဆေးများကို အလွယ်တကူ ဝယ်ယူသောက်သုံးခြင်း၊ ငှက်ဖျားဆေးများကို ဆေး ပတ်လည်အောင် မသောက်ခြင်းများပြုလုပ်ပါက နောက်ပိုင်းတွင် ဆေး မတိုးသည့် ပြဿနာကိုရင်ဆိုင်ရပြီး အသက်အန္တရာယ်ကို ထိခိုက်လာနိုင်ပါသည်။

သို့ဖြစ်၍ ငှက်ဖျားကြောင့်သေဆုံးမှုများ လျော့နည်းပပျောက်စေရန် ကျန်းမာရေးဌာနနှင့် ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများက ကြိုးပမ်းအားထုတ်လျက်ရှိသည့်နည်းတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း အောက်ပါနှိုးဆော်ချက်များကို လေးစားလိုက်နာခြင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်-

၂၀၁၁ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့
ငှက်ဖျားသေဆုံးမှုပပျောက်ရေး၊ ၂၀၁၅ မှန်းမျှော်တွေး၊
တိုးမြှင့်စုပေါင်းတိုက်ဖျက်ပေး။
ကျန်းမာရေးဝန်ကြီးဌာန

အာဆီယံ သွေးလွန်တုပ်ကွေးနေ့
၂၀၁၁ ခုနှစ် ဇွန်လ (၁၅) ရက်
လူမှုဒုက္ခကင်းဝေးဖို့၊ သွေးလွန်တုပ်ကွေးကာကွယ်စို့။
ကျန်းမာရေးဝန်ကြီးဌာန

(၁) ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။
(၂) ငှက်ဖျားပိုးသယ်ဆောင်သော ခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင်ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။
(၃) ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါကင်းစင်ဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သောဒေသများသို့ သွားရောက်နေထိုင် အလုပ်လုပ်သူများတွင် ပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။
(၄) ရောဂါလက္ခဏာများမှာ ချမ်းတုန်၍ဖျားခြင်း၊ တက်ဖျားကျဖျားအသွင် ဖျားခြင်း၊ ရောဂါပြင်းထန်ပါက တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်ခြင်း၊ မထိုင်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ ဆေးမသောက်နိုင်ခြင်း၊ အန်ခြင်း၊ မိုန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်ပါသည်။
(၅) ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄ နာရီအတွင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာသွားရောက်ပြသ၍ သွေးဖောက် စစ်ဆေးပြီး ဆေးပတ်လည်အောင်ကုသမှု ခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာဖော်ထုတ်၍ ထိရောက်စွာ ဆေးကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်းအပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။
(၆) ငှက်ဖျားရောဂါကာကွယ်ရန် ဘယ်အချိန် အိပ်အိပ်၊ ဘယ်နေရာတွင် အိပ်အိပ်၊ ခြင်ထောင်ဖြင့် အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ရန် တိုက်တွန်းလိုက်ပါသည်။

နမ့်စန်မြို့ ကွံကော်လမ်း ကျောက်ချော ခင်းမည်

နမ့်စန် ဇွန် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ကွံကော်လမ်းကို ကျောက်ချောလမ်းခင်းမည်ဖြစ်ရာ လမ်းခင်းရန်ကျောက်၊ သဲ စုဆောင်းထားရှိမှုကို မေ ၃၀ ရက်တွင် အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွင်သက်ပိုင်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက် ကျိုင်းတုံ၌ ထပ်ဆင့်ရှင်းလင်း

ကျိုင်းတုံ ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းခြင်းနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၅ရက် နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံး ကျိုင်းတုံမြို့၌ ကျင်းပသည်။ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများမှ တက်ရောက်လာကြသည့် ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ပြည်နယ်ဦးစီးဌာနမှူးက လုပ်ငန်းများအပေါ် လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

ပညာသင်ဆုများ လျှောက်ထားနိုင်

ရန်ကုန် ဇွန် ၁၄

၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်မည့် စီးပွားရေးဒီပလိုမာကို တက်ရောက်မည့် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား စင်ကာပူနိုင်ငံရှိ Unitedworld School of Businessမှ ရာနှုန်းပြည့် ပညာသင်ဆု တစ်ဆုနှင့် ၅၀ ရာခိုင်နှုန်း ပညာသင်ဆု နှစ်ဆုကို ချီးမြှင့်မည်ဖြစ်ရာ ဇွန် ၂၁ ရက် နောက်ဆုံးထား၍ Synergy Education တွင် လျှောက်ထားနိုင်ကြောင်း သိရသည်။ ထိုပညာသင်ဆုများအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE, GCE (O Level/ A Level) အောင်ထားသူများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ABE နှင့် NCC တို့မှ နိုင်ငံတကာ အသိအမှတ်ပြုဒီပလိုမာရထားသူများ လျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်းအောင်ပြီး IELTS (5.0) ရရှိထားသူများ စီးပွားရေးဒီပလိုမာကို Unitedworld တွင် တစ်နှစ်ကြာ တက်ရောက်ရမည်ဖြစ်က IELTS အမှတ်မရှိပါက Unitedworld ၏ အင်္ဂလိပ်စာစာမေးပွဲကို Synergy Education တွင် ဖြေဆိုနိုင်ကြောင်းနှင့် ဒီပလိုမာအောင်မြင်ပြီးပါက အဆင့်မြင့်ဒီပလိုမာအတွက် တစ်နှစ်ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအနေဖြင့် စင်ကာပူနိုင်ငံရှိ Unitedworld တွင် သုံးနှစ်ကြာ တက်ရောက်ရုံမျှဖြင့် UKမှ ချီးမြှင့်သော စီးပွားရေးဘွဲ့ကို ရရှိမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက Synergy Education ဖုန်း-၅၅၈-၄၂၈၊ ၀၉-၅၅၀၄၉၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်လမ်း ရေမြှုပ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန်၁ရက်က ရန်ကုန် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

လေဆင်နှာမောင်းဒဏ်ခံရသည့် အိမ်ထောင်စုများအား ပန်းတနော်မြို့နယ်၌ ထောက်ပံ့ပစ္စည်းများပေးအပ်

ပန်းတနော် ဇွန် ၁၄

ပန်းတနော်မြို့နယ်ပြလင်းကျေးရွာအုပ်စု ကျုခတ္တော့ကျေးရွာ၌ လေဆင်နှာမောင်းဒဏ်ခံရသော အိမ်ထောင်စုများအား ဇွန် ၁၁ ရက်က ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းထွန်းက ဇွန် ၉ ရက်တွင် လေဆင်နှာမောင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အိမ်ခြေ ၁၂ လုံးမှ အိမ်ထောင်စုများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ဆန် ၁၂ အိတ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေသခံပြည်သူများက လှူဒါန်းသော ဆန်အိတ် ၁၁ အိတ် ၁၀ပြည်နှင့် ငွေကျပ်၁၂၄၀၅၀ကျပ်တို့အား ထောက်ပံ့ပေးအပ်ရာ လေဆင်နှာမောင်းဒဏ်ခံရသော အိမ်ထောင်စုဝင်များက လက်ခံခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၄၃)

ပညာသင်စရိတ် ဒလ၌ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၁၁ နာရီက ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီးနောက် မူကြိုအဆင့် နှစ်ဦး၊ မူလတန်းအဆင့် ခြောက်ဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ အထက်တန်းအဆင့် ရှစ်ဦး၊ တက္ကသိုလ်ကောလိပ်အဆင့် ရှစ်ဦး စုစုပေါင်း ဝန်ထမ်းသားသမီး ၃၃ ဦးအား ငွေကျပ် ၂၁၂၀၀၀ နှင့် ဗလာစာအုပ် ၃၉ ဒါဇင်၊ မူလတန်းဝတ်စုံ ခြောက်စုံ စုစုပေါင်းငွေနှင့် ပစ္စည်းကျပ်သုံးသိန်းဖိုးခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် အလှူငွေ ကျပ် ၂၀၀၀၀၀ နှင့် ဘိုးဘွားများအတွက် အလှူငွေ ကျပ်၁၀၈၀၀၀ကို နှစ်ဖက်သော မိဘဘိုးဘွားများနှင့် ခင်ပွန်း ဦးလှအား ရည်စူး၍ အမှတ်(၄၃၇) မှော်ရုံလမ်း ၁၆/၃ ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်ညွန့်ခင်နှင့် သားသမီးမြေးတစ်စုတို့က ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၄

မော်လမြိုင်ကျွန်း၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မော်လမြိုင်ကျွန်းမြို့နယ် အောင်လှိုင်ကျေးရွာ စေတနာလှိုင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင်-ဒေါ်သင်းသင်းအေး တို့က ကုလားထိုင်၁၀လုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ် အသေးစားချေးငွေလုပ်ငန်းနှင့် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချဌာနတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၂၄ ပေ၊ အနံ၁၄ပေ ကျယ်ဝန်းပြီး သွပ်မိုး၊ အုတ်ညှပ်၊ ဝါးထရံကာနှင့် သမံတလင်းခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဇီးကုန်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဇီးကုန်းမြို့နယ် နွားတဲကုန်းအုပ်စု ပန်းတင်ရွာ ပန်းရိပ်ဝေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့်စာအုပ်လှူဒါန်းပွဲကို မေ ၂၈ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ *(အပေါ်ပုံ)*

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေးပြီး အလှူရှင်များဖြစ်ကြသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကျေးရွာအလှူရှင်များက စာအုပ်စာစောင်၊ ပရိဘောဂနှင့် ရေဒီယိုတို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကချင်ပြည်နယ် မိုးမောက်မြို့ကျောက်စခန်းကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်တွင် မေ ၃၁ ရက်က စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက စာဖတ်ခြင်းကြောင့်ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင်အလေးမ အားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၄

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိရာ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်သို့ စာရေးသူရောက်ရှိခဲ့သည်။

စခန်းဝင်လေ့ကျင့်

ရှေးဦးစွာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဆွေအား အလေးမအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ ""အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေမှာ အမျိုးသမီးအားကစားသမား ၁၈ ဦး၊ အမျိုးသား ၁၂ ဦးကို ၂၀၁၀ ဖေဖော်ဝါရီလဆန်းပိုင်းကစပြီး စခန်းဝင်လေ့ကျင့်နေတာ ဖြစ်ပါတယ်။ လေ့ကျင့်ပေးတဲ့နေရာမှာ တစ်ပတ်ကို ခြောက်ရက်နဲ့ အဲဒီခြောက်ရက်မှာ နံနက်ပိုင်းကို ၈ နာရီမှ ၁၀ နာရီခွဲ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ်ဖြစ်ပြီး နံနက်ပိုင်းမှာတော့ အလေးမအားကစားနည်းနဲ့ ပတ်သက်တဲ့ လေ့ကျင့်မှုတွေ၊ ညနေပိုင်းမှာ နည်းစနစ်နဲ့ဆိုင်တဲ့ လေ့ကျင့်မှုတွေ ပြုလုပ်ပေးနေပါတယ်""ဟု ရှင်းပြသည်။



ဆက်လက်ပြီး ""ဒီမှာစခန်းသွင်းလေ့ကျင့်တဲ့ အားကစားသမားတွေကတော့ *စာမျက်နှာ ၈ ကော်လံ ၂* ●

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားသမားများ လေ့ကျင့်ကြစဉ်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၄

ယနေ့ နံနက် ၉ နာရီ ၃၅ မိနစ် ၂၄ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဆူမတြားမြောက်ပိုင်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



မော်လမြိုင်ကျွန်း၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်။ (စာ-၁၀)

ရုရှားမော်ဒယ်လ်နှင့် သရုပ်ဆောင် အိုင်ရီနာ၏ ဘဝပုံရိပ်။ (စာ-၇)

ဂိုးသမားဟီလာရီယို ချယ်လ်ဆီးနှင့် တစ်နှစ်ထပ်မံစာချုပ်။ (စာ-၇)